။ အသင်တို့သည်

မိမိတို့စွမ်းဆောင်နိုင်သည့်အရာများကိုသာ

ဆောင်ရွက်ကြလော့။ အလ္လာဟ်အရှင်မြတ်၏ ကစမ်၊

အရှင်မြတ်သည် (သင်တို့အား ဆုလာဘ်ချီးမြှင့်ရာတွင်) ငြီးငွေ့သွားတော်မူခြင်း မရှိပေ။ သို့ရာတွင်

သင်တို့ကသာလျှင် (ကောင်းမှုကုသိုလ် ပြုလုပ်ရာတွင်) ငြီးငွေ့သွားကြပေသည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ ဇနီးကြင်ယာတော်၊ မုအ်မင်န်တို့၏မိခင်ကြီး အာအိရှဟ် (ရဿွိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် သူမထံရှိနေစဉ် ဟောင်လာအ် ဗင်န်သေ သုဝိုင်သ်
ဗင်န် ဟဘီးဗ် ဗင်န် အစဒ် ဗင်န် အဗ်ဒွလ်အွဇ္ဇာက သူမအနားမှ ဖြတ်သွားခဲ့သည်။ ကျွန်မကဤသို့ပြောကြားခဲ့သည်: "ဤသည်မှာ ဟောင်လာအ် ဗင်န်သေ သုဝိုင်သ်ဖြစ်ပြီး သူမသည်
တစ်ညလုံးအိပ်စက်ခြင်းမရှိဟု လူတို့က ယူဆပြောဆိုကြသည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က မိန့်ကြားတော်မူသည်: "သူမသည် တစ်ညလုံး
အိပ်စက်ခြင်းမရှိလေသလော။ အသင်တို့သည် မိမိတို့စွမ်းဆောင်နိုင်သည့်အရာများကိုသာ
ဆောင်ရွက်ကြလော့။ အလ္လာဟ်အရှင်မြတ်၏ ကစမ်၊ အရှင်မြတ်သည် (သင်တို့အားဆုလာဘ်ချီးမြှင့်ရာတွင်) ငြီးငွေ့သွားတော်မူခြင်း မရှိပေ။ သို့ရာတွင်
သင်တို့ကသာလျှင် (ကောင်းမှုကုသိုလ် ပြုလုပ်ရာတွင်) ငြီးငွေ့သွားကြပေသည်။
[صحيح] [متفق عليه]

ဟောင်လာအ် ဗင်န်သေ သုဝိုင်သ် (ရဿွိယလ္လာဟုအန်ဟာ)သည် မိခင်မွန်ကြီး အာအိရှဟ် (ရဿွိယလ္လာဟုအန်ဟာ) ထံ၌ ရှိနေခဲ့စဉ် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည်အာအိရှဟ်သခင်မထံသို့ ရောက်ရှိလာတော်မူရာ သူမသည် သခင်မထံမှ ထွက်ခွာသွားခဲ့သည်။အာအိရှဟ်(ရဿွိယလ္လာဟုအန်ဟာ) က တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)အားလျှောက်ထားခဲ့သည်မှာ - ဤအမျိုးသမီးသည် တစ်ညလုံး အိပ်စက်ခြင်းမရှိဘဲညဉ့်အချိန်များကို ဆွလာသ်ဝတ်ပြုခြင်းဖြင့် နိုးကြားစွာဖြတ်သန်းလေ့ရှိပါသည်။ ထိုအခါတမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် သူမ၏ မိမိကိုယ်ကို အလွန်အမင်းပင်ပန်းစေသော အပြုအမူကို ကန့်ကွက်တော်မူသည်အ‌နေဖြင့် မိန့်ကြားတော်မူခဲ့သည်မှာ - သူမသည် တစ်ညလုံး အိပ်စက်ခြင်းမရှိလေသလော။ (အို လူအပေါင်းတို့) သင်တို့ပုံမှန်စွဲစွဲမြဲမြဲလုပ်ဆောင်နိုင်သည့် ကောင်းမှုကုသိုလ်များကိုသာဆောင်ရွက်ကြလော့။ အလ္လာဟ်အရှင်မြတ်၏ကစမ်။ အလ္လာဟ်အရှင်မြတ်သည်မိမိ၏ဖြောင့်မှတ်မှန်ကန်‌သောဗန္ဒဟ်‌ကျေးကျွန်များအား ၎င်းတို့၏အမိန့်နာခံမှုများ၊ကောင်းမှုကုသိုလ်များနှင့် ကောင်းမြတ်သောအမလ်ကျင့်‌ဆောင်မှုများအပေါ်အကျိုးဆုလာဘ်ချီးမြှင့် တော်မူရန် လုံးဝငြီးငွေ့တော်မူခြင်းမရှိပေ။ နောက်ဆုံးသင်တို့ကိုယ်တိုင်ထိုအလုပ်များကိုငြီးငွေ့လာပြီးစွန့်လွှတ်ကြသည်အထိဖြစ်သည်။